လှေဘိုကျေးရွာ

ကလုံကျေးရွာအုပ်စု ၊ ကသာမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်
ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ လှေဘိုကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကသာမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်)

ဒီဇင်ဘာလ၊ ၂၀၂၁

မာတိကာ

လှေဘိုကျေးရွာ သယံဇာတအရင်းအမြစ်ပြမြေပုံ၊ ကသာမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၆။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

၇။ ပညာရေး

၈။ ကျန်းမာရေး

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၀။ ကျား–မ ရေးရာ

၁၁။ လူငယ်နှင့် ဖွံ့ဖြိုးရေး


၁၂။ မူးယစ်ဆေးအန္တရာယ်

၁၃။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းနောက်ဆက်တွဲများ

၁၄။ လှေဘိုကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား

၁၅။ လှေဘိုကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

လှေဘိုကျေးရွာ သယ်ဇာတအရင်းအမြစ်ပြမြေပုံ



၁။ တည်နေရာနှင့် ပထဝီအနေအထား

လှေဘိုကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ် ကလုံကျေးရွာ အုပ်စုတွင် တည်ရှိပြီး ကသာမြို့၏ တောင်ဘက် ၂၂ မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏အရှေ့ ဘက် ကပ်လျက်တွင် ဧရာဝတီမြစ်ကြီးတည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်ကပ်လျက်တွင် သာဂရကျေးရွာ ၊ အနောက်ဘက်တွင် သာယာကုန်းကျေးရွာ၊ အနောက်မြောက်ဘက်တွင် အစုကြီးကျေးရွာ တည်ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက် ၃ဖာလုံခန့် အကွာအဝေးတွင် ကသာ-ထီးချိုင့်လမ်းမကြီး တည်ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် လယ်ယာမြေနှင့် အခြားစိုက်ပျိုးမြေအများအပြား တည်ရှိပြီး၊ အရှေ့ဘက်ဧရာဝတီမြစ်ကမ်းဘေးတစ်လျောက်တွင် မြေပဲ၊ နှမ်းနှင့် အခြားသီးနှံများစွာ စိုက်ပျိုးကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

လှေဘိုကျေးရွာသည် နှစ်စဉ်မိုးရေချိန် ၅၀ လက်မနှင့် ၆၀ လက်မအကြား ရရှိပါသည်။ လှေဘိုကျေးရွာသည် အပူပိုင်းစိုစွတ်ရာသီဥတုတွင် ရှိပါသည်။ ရွာ၏အနောက်ဘက်နှင့် အရှေ့ဘက် ဧရာဝတီမြစ်ဘေးတစ်လျှောက်တွင် ယာမြေများရှိ၍ ကွဲ၊နွားစာကျက်များပေါများပါသည်။ ဧရာဝတီမြစ်နှင့် အင်းတမွတ်ချောင်းမှ သဲနှင့် ကျောက်များအား ထုတ်ယူသုံးစွဲမှု အနည်းငယ် ရှိပါသည်။ ဧရာဝတီမြစ်ကို အမှီပြု၍ ရေချိုငါးဖမ်းခြင်းလုပ်ငန်းများအား အနည်းငယ် လုပ်ကိုင်ကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

လှေဘိုကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံခန့်ခွဲမှုတွင် ရပ်မိရပ်ဖများမှ ဦးဆောင်၍ ဘာသာရေးလုပ်ငန်းများတွင် ဂေါပကအဖွဲ့နှင့် ကပ္ပိယအဖွဲ့များ ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ လူပျို/ အပျိုအဖွဲ့များသည် လူမှုကူညီရေးနှင့် သာရေး၊ နာရေးကိစ္စများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စိတ်ပါဝင်စားစွာဖြင့် အားတက်သရော ဆောင်ရွက်ကြပါသည်။ အိမ်ထောင်သည် အမျိုးသား (ပေါ်ခင်)၊ အိမ်ထောင်သည်အမျိုးသမီး(မယ်ခင်) အဖွဲ့များသည်လည်း ကျေးရွာ၏ သာရေး/နာရေး အလှူမင်္ဂလာကိစ္စများ ကြုံကြိုက်လာပါက ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ ဘာသာရေးနှင့်ဆိုင်သော ကိစ္စများတွင် ဘုန်းတော်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ နာယကဖြစ်သော ကျေးရွာတာဝန်ခံနှင့် ကျေးရွာတွင်းရှိ ပရဟိတလုပ်ငန်းဝါသနာရှိကြသော ရပ်မိရပ်ဖများမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း၊တံတားများ နှစ်စဉ်ပြုပြင်မွမ်းမံ လျက်ရှိကြပါသည်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ မြင့်မားတိုးတက်စေရန်အတွက် ဆောင်ရွက်ကြရာတွင် ရွာသူ/သားများမှ စိတ်အားထက်သန်စွာဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြ ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

လှေဘိုကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ဆောင်ပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို ပူးတွဲလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် နည်းပညာနှင့် သွင်းအားစုများ အခက်အခဲများရှိသဖြင့် အမြင့်ဆုံးဝင်ငွေ ရရှိမှုနည်းပါးပါသည်။ ရွာ၏အရှေ့ဘက်ရှိ ဧရာဝတီမြစ်ကို အမှီပြု၍ တံငါလုပ်ငန်း လုပ်ကိုင် ကြသူများ အနည်းငယ်ရှိပါသည်။ လှေဘိုကျေးရွာသည် မိုးစပါး၊ နွေစပါး မိုးမြေပဲ၊ ဆောင်းမြေပဲ၊ နှမ်းနှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

လှေဘိုကျေးရွာတွင် အိမ်ခြေ(၁၀၅)အိမ်ရှိပြီး အိမ်ထောင်စု(၁၀၉)စုရှိပြီး လူနေမှု အဆောက် အဦများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ ရပ်မိရပ်ဖ များ၏ ဦးဆောင်မှုနှင့် အနီးပတ်ဝန်းကျင်ရှိ ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ် ထားသောကြောင့် သွားလာရေးအနည်းငယ် အဆင်ပြေနေသေးသည်။ ကျန်းမာရေး အနေဖြင့် ၃ မိုင်ခန့်ကွာဝေးသော ကလုံ ကျေးလက်ဆေးပေးခန်းနှင့် အင်းရွာတိုက်နယ်ဆေးရုံ ကိုသာ အားကိုးနေရပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဆောက်လုပ်နိုင်ရန် မြေနေရာ ရှိသော်လည်း ငွေကြေးခက်ခဲခြင်း၊ ဌာန၏ ခွင့်ပြုနိုင်မှု ခက်ခဲခြင်းတို့ကြောင့် ဆောက်လုပ်နိုင်ခြင်း မရှိသေးပါ။ (11KVA) ဓါတ်အားလိုင်းမှ လျှပ်စစ်မီး ယခုအချိန်ထိ မရရှိသေးသောကြောင့် လျှပ်စစ်မီးရရှိရန် လိုအပ်လျက် ရှိပါသည်။

၆။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

လှေဘိုကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးစရိတ် အသုံးပြုရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှချေးငွေများ လယ်ယာအမျိုးအစားအလိုက် စိုက်ကေအလိုက် ချေးယူရရှိပါသည်။ သို့သော်လည်း စိုက်ပျိုးစရိတ်ချေးငွေမှာ စိုက်ပျိုးရေးကိစ္စများအတွက် အလုံးစုံလုံလောက်မှု မရှိသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစားချေးငွေစနစ် မတည် (မြစိမ်းရောင် ကျေးရွာ စီမံကိန်း) ဆောင်ရွက်ပေးပါက များစွာအကျိုးဖြစ်ထွန်းနိုင်ကြောင်း တင်ပြ အပ်ပါသည်။

၇။ ပညာရေး

လှေဘိုကျေးရွာသည် အလယ်တန်းကျောင်းသာရှိသည်။ အတန်းပညာ ပြီးမြောက်မှု အနေဖြင့် တက္ကသိုလ်၊ကောလိပ် အဆင့်ရှိသူ ကျား-၅ ၊ မ-၉ ၊ အထက်တန်းမှာ ကျား-၁၆ ၊ မ-၁၃ ဦး၊ အလယ်တန်းမှာ ကျား-၄၂၊ မ-၄၉ဦး၊ မူလတန်းမှာ ကျား-၅၉၊ မ-၇၅ဦးသာ ရှိပါသည်။

အထက်တန်းပညာရေးအား ကျေးရွာ၏အရှေ့ ဇရာဝတီမြစ်တစ်ဘက်ကမ်း ၃မိုင်ခန့်ဝေးသော အင်းရွာ အထက်တန်းကျောင်း သို့သွားရောက်၍ ပညာသင်ကြားရပါသည်။ ကျေးရွာလူထု၏ ပညာရေးမြင့်မားလာပါက အခြေခံစီးပွားရေးနှင့် လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက် လာမည် ဖြစ်ပါသည်။

၈။ ကျန်းမာရေး

လှေဘိုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသည့်အတွက် ၃ မိုင်ခန့်ကွာဝေးသော ကလုံ ကျေးလက်ဆေးပေးခန်းနှင့် အင်းရွာတိုက်နယ်ဆေးရုံသာ အားကိုးနေရပါသည်။ ကျေးရွာ၏ ထိခိုက်လွယ်သော ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကသာမြို့ပြည်သူ့ဆေးရုံရှိ တာဝန်ကျဆရာမများမှ ဆေးထိုး/ ဆေးတိုက်ခြင်းများ ပြုလုပ်ပေးပါသည်။ လှေဘိုကျေးရွာ၏ ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု ဆောက်လုပ်ရန် မြေနေရာရှိသော်လည်း ဌာန၏ခွင့်ပြုနိုင်မှုနှင့် ငွေကြေးမပြည့်စုံမှုတို့ကြောင့် ဆောက်လုပ်နိုင်ခြင်း မရှိသေးပါ။ ကျေးရွာ၏ဌက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သောအနေဖြင့် ရေမြောင်းများရေစီးရေလာ ကောင်းမွန်စေရန် တူးဖော်ခြင်း၊ လမ်းတစ်လျှောက် ခြင်ခိုအောင်းနိုင်သော ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း များကို လူငယ်အဖွဲ့မှ ပုံမှန်ပြုလုပ်ကာကွယ်ကြပါသည်။ ဌက်ဖျား ရှိ/မရှိကိုလည်း MCC ဌက်ဖျား တိုက်ဖျက်ရေးမှ ပေးပို့ထားသော သွေးစစ်ကိရိယာဖြင့် စစ်ဆေး၍ သောက်ဆေးများဖြင့် အမြစ်ပြတ်ကုသပေးလျက်ရှိပါသည်။ ကျေးရွာတွင်း သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရေးကို ရပ်မိရပ်ဖများမှ ဦးဆောင်ဟောပြော၍ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့တို့မှ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးကြပါသည်။ သက်ကြီးရွယ်အိုများနှင့် အရေးပေါ်လူနာကြုံတွေ့လာပါက စက်လှေ၊ ကား၊ ဆိုင်ကယ် တို့ဖြင့် အင်းရွာတိုက်နယ်ဆေးရုံနှင့် ကသာမြို့ဆေးရုံသို့ ပို့ဆောင်ပေးကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လှေဘိုကျေးရွာ၏ လယ်ယာမြေများသည် ဓါတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး များ သုံးစွဲနေခြင်းကြောင့် မြေအဆိပ်သင့်မှု၊ အကျိုးပြုပိုးများနှင့် အပင်မျိုးစိတ်များ အန္တရာယ် ရှိနေပါသည်။ လှေဘိုကျေးရွာ၏ မိုးစပါး၊နွေစပါး စိုက်ခင်းများသည် ရာသီဥတုဒဏ်နှင့် သီးနှံအဖျက်ပိုးများကြောင့် နှစ်စဉ် စိုက်ပျိုးသည့်လယ်သမားများ ဆုံးရှုံးနစ်နာမှုများရှိနေပါသည်။ ရန်ဖန်ရန်ခါ မိုးရေကြီးမှုဒဏ် ခံရခြင်းနည်းသော်လည်း နွေစပါးမှည့်ချိန် ရာသီဖျက်ပိုးများ ဒဏ်ခံရခြင်း၊ မြေပဲနုတ်ချိန် ရေကြီးခြင်းတို့ နှစ်စဉ်အနည်းနှင့်အများ ကြုံတွေ့ခံစားနေရပါသည်။ မီးဘေးအန္တရာယ်တားဆီး ကာကွယ်ရေး အနေဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ မီးချိတ်၊ မီးကတ်၊

မီးလှေကား၊ မီးသတ်သဲ၊ မီးသတ်ရေများ ကြိုတင်ပြုလုပ်ထားရှိရေး၊ မီးကြိုး/ မီးကျန်များ မရှိစေရေးတို့ကို ကြိုတင်အသိပေးကြော်ငြာခြင်းများ၊ လိုက်လံစစ်ဆေးခြင်းများ ပြုလုပ် ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ကျား–မ ရေးရာ

လှေဘိုကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း သက်ဆိုင်ရာကဏ္ဍအလိုက် တက်တက်ကြွကြွပါဝင် ဆောင်ရွက်ကြပါသည်။ သာရေး/နာရေး ကိစ္စရပ်များတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြပါသည်။ လူမှုကူညီရေးအသင်း အဖွဲ့များတွင်လည်း အမျိုးသမီးများပါဝင်၍ အလှူငွေများကောက်ခံခြင်းများ ပြုလုပ်ကြပါသည်။ အမျိုးသားများသည် ကျေးရွာ၏အုပ်ချုပ်ရေးနှင့် မူးယစ်ဆေးတားဆီးကာကွယ်ရေးကို ပိုမိုအလေး ထားဆောင်ရွက်ကြပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုမရှိစေရန် ကာကွယ်စောင့်ရှောက် ကြပါသည်။ အချို့သော အိမ်ထောင်စုများသည် စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာစိုက်ပျိုးရေး ဘဏ်မှ အမျိုးသမီးများ ကိုယ်တိုင်ထုတ်ယူခြင်း၊ ပေးဆပ်ခြင်းများ ပြုလုပ်ကြပါသည်။ ကျေးရွာ၏ ကဏ္ဍအသီးသီးအလိုက် ကျား/မရေးရာ တန်းတူညီမျှမှုအနေဖြင့် အတန်းပြီးမြောက်မှု၊ ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မှု ၊ အခြေခံစီးပွားရေးဆောင်ရွက်နိုင်မှု၊ ဘာသာရေးကိစ္စအဝဝတို့ ဆောင်ရွက်နိုင်မှု ကိစ္စတို့တွင် အမျိုးသမီးများသည် အမျိုးသားများ၏ ၄၀% ခန့်ပါဝင်ကြောင့် လေ့လာတွေ့ရှိရပါသည်။

၁၁။ လူငယ်နှင့် ဖွံ့ဖြိုးရေး

လှေဘိုကျေးရွာတွင် မျိုးဆက်သစ်လူငယ်များ ဘာသာရေးအသိအမြင်များ ဖွံ့ဖြိုးတိုးတက်စေရန် ယဉ်ကျေးလိမ္မာသင်တန်းများ နှစ်စဉ်သင်ကြားပေးလျက်ရှိပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ဓမ္မစကူးဆရာဖြစ်သင်တန်းများကို အမျိုးသမီးများအား တက်ရောက်သင်ယူစေ၍ ကျေးရွာ၌တစ်ဆင့်ပြန်လည်သင်ကြားပေးစေခြင်းဖြင့် ဘာသာရေးအသိအမြင်များ ဖွံ့ဖြိုးလျက်ရှိပါသည်။ လူငယ်၊လူလတ်များအတွက် ဘောလီဘော၊ ပိုက်ကျော်ခြင်းနှင့် ဘောလုံးအားကစားများ ပြုလုပ်နိုင်ရန် စာသင်ကျောင်းဝန်းအတွင်း ညနေကျောင်းဆင်းချိန်၌ ကစားနိုင်ရန် သီးသန့်အားကစားကွင်း လိုအပ်နေသော်လည်း ငွေကြေးနှင့် မြေနေရာခက်ခဲမှုတို့ကြောင့် အားကစားကွင်းဖော်ထုတ်ပေးနိုင်ခြင်း မရှိသေးပါ။ စာဖတ်ဝါသနာပါသော လူငယ်များအတွက် ကျောင်းစာကြည့်တိုက်မှ စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ရန် စာကြည့်တိုက်တစ်ခု ဆောက်လုပ်ရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာရှိရပ်မိရပ်ဖများနှင့် ပူးပေါင်းပါဝင်စေ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်စေလျက် ပရဟိတလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်မှာ အလွန်ကြည်နူးဝမ်းသာ ဖြစ်ရပါသည်။

၁၂။ မူးယစ်ဆေးအန္တရာယ်

လှေဘိုကျေးရွာရှိ လူငယ်လူလတ်များ မူးယစ်ဆေးသုံးစွဲခြင်းမှ ကင်းဝေးစေရန် တာဝန်ရှိ ကျေးရွာတာဝန်ခံနှင့် တာဝန်ရှိဝန်ထမ်းများအားဖိတ်ခေါ်၍ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ပညာပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်း များ ပြုလုပ်ပေးပါသည်။ မူးယစ်ဆေးကိုစိတ်ဝင်စားမှု မရှိစေရန် အားကစားကို လုပ်ဆောင်စေခြင်း၊ အားပေးချီးမြှင့်မှုများ ပြုလုပ်ခြင်းနည်းဖြင့် ကာကွယ်စောင့်ရှောက်ပေးပါသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ကင်းလှည့်ထောက်လှမ်းမှုများ ဆောင်ရွက်ပေးခြင်း၊ ဖုန်းဆက်တိုင် ကြားမှုများ ရှိပါကလည်း အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	လမ်း	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁
၂	လမ်း	ကျေးရွာတွင်းလမ်းမကြီး ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း	၂
၃	ရေပေးရေး	မြစ်ရေတင် စင်မြင့်ရေစင်ဆောင်ရွက်ခြင်း	၃
၄	ပညာရေး	ကျေးရွာစာကြည့်တိုက်အဆောက်အဦး ဆောက်လုပ်ခြင်း	၄
၅	မီးလင်းရေး	မဟာဓါတ်အားလိုင်းပြင်ပ အသေးစား လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း	၅

၁၄။ လှေဘိုကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာ ဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – လမ်း					
ကျေးရွာလမ်းမကောင်း၍ ကုန်စည်ပို့ဆောင်ရန်မလွယ်ကူခြင်း	မြေသားလမ်းဖြစ်ခြင်း	လုပ်သားအင်အားရရှိနိုင်ခြင်း၊ သဲကျောက်များ အလွယ်တကူရနိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာလိုအပ်ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်နိုင်ခြင်း	ကျေးရွာတွင်း ကွန်ကရစ် ခင်းခြင်း
ကဏ္ဍ – လမ်း					
ကျေးရွာလမ်းမကောင်း၍ ကုန်စည်ပို့ဆောင်ရန်မလွယ်ကူခြင်း	မြေသားလမ်းဖြစ်ခြင်း	လုပ်သားအင်အားရရှိနိုင်ခြင်း၊ သဲကျောက်များ အလွယ်တကူရနိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာလိုအပ်ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်နိုင်ခြင်း	ကျေးရွာတွင်း လမ်းမကြီး ကွန်ကရစ် ခင်းခြင်း

ကဏ္ဍ – ရေပေးရေး					
စက်ရေတွင်း တူးဖော်၍ မရခြင်း	ရေလုံလောက်မှု မရှိခြင်း	ကျေးရွာမှ စိတ်အားထက်သန်မှုရှိခြင်း၊ ထည့်ဝင်ငွေ ထည့်ဝင်နိုင်ခြင်း	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာမရှိခြင်း	သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီရယူနိုင်ခြင်း	မြစ်ရေတင် စင်မြင့်ရေစင် ဆောင်ရွက်ခြင်း
ကဏ္ဍ – ပညာရေး					
ကျေးရွာလူငယ်၊လူရွယ်များ စာပေလေ့လာရာတွင် ခက်ခဲခြင်း	ကျေးရွာစာကြည့်တိုက် မရှိခြင်း	ကျေးရွာမှ လုပ်အားပေးနိုင်ခြင်း၊ သဲ/ကျောက်များ အလွယ်တကူရရှိနိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာမရှိခြင်း	သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီရယူနိုင်ခြင်း	ကျေးရွာစာကြည့်တိုက် အဆောက်အဦး ဆောက်လုပ်ခြင်း
ကဏ္ဍ – မီးလင်းရေး					
ကျေးရွာ လျှပ်စစ်မီး မရရှိခြင်း	ကျေးရွာလျှပ်စစ်မီး မရရှိသေးခြင်း	ကျေးရွာမှ စိတ်အားထက်သန်မှုရှိခြင်း၊ ထည့်ဝင်ငွေ ထည့်ဝင်နိုင်ခြင်း	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာမရှိခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	မဟာဓါတ်အားလိုင်းပြင်ပ စနစ်မှ အသေးစား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း

၁၅။ လှေဘို ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ √

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၁	၃
၁ နှစ်မှ ၅ နှစ် အောက်	၅ နှစ်အောက်ကလေးငယ်	၅	၈	၁၃
၅ နှစ်မှ ၁၀နှစ် အောက်	မူလတန်းကျောင်းသားအရွယ်	၁၇	၂၁	၃၈
၁၀နှစ်မှ ၁၅နှစ်အောက်	အလယ်တန်းကျောင်းသားအရွယ်	၂၇	၁၉	၄၆
၁၅နှစ်မှ ၆၅နှစ် အောက်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၁	၁၂၇	၂၄၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃	၅	၈
စုစုပေါင်း		၁၇၅	၁၉၁	၃၆၆
စုစုပေါင်း အိမ်ထောင်စု		၁၀၉		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိန်းကလေးလူဦးရေသည် ယောကျ်ားလေးလူဦးရေထက် ပိုများပါသည်။ ကျေးရွာရှိ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေနှုန်းသည် ၃ ယောက်ခန့် ရှိပါသည်။

……...

……...

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၁	၁၉၆	-	မြင့် □√ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	၄	မြင့် □ လတ်□ နိမ့်□√
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၉	-	မြင့် □ လတ်□ နိမ့် □√
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၇	၁၃	၄	မြင့် □ လတ်□ နိမ့် □√
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	-	မြင့် □ လတ်□ နိမ့် □√
	အလုပ်သမား / ဝန်ထမ်း	၂	၃	-	မြင့် □ လတ်□ နိမ့် □√
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	-	မြင့် □ လတ်□√ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	–		–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၀၉	၂၂၆	၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ၄င်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး မွေးမြူရေး လုပ်ငန်း၊ တံငါလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် လက်သမား/ပန်းရံလုပ်ငန်းကို အနည်းငယ်လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးအင်္ဂါးလုပ်ကိုင်ခြင်းလုပ်ငန်းများ အနည်းစုလုပ်ကိုင်ကြပါသည်။

.....

.....

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၇၃	ကောင်း ☐	သင့်☐√	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၈	ကောင်း ☐	သင့်☐√	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐√	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၉၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စိုက်ပျိုးမြေများသည် လယ်မြေနှင့် တောင်ယာမြေများ အများဆုံး တွေ့ရှိရ ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐√	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ □ သင့်□√ နည်း □ မရှိ □	လွယ်□√ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□√ နည်း □ မရှိ □	လွယ် □√ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □ မရှိ □√	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အရှေ့ဘက် ဧရာဝတီမြစ်နှင့်အင်းတမွတ်ချောင်းမှ သဲနှင့်ကျောက်များ အနည်းငယ်ရရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၆	၆၂	၁၃	၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်အလတ်ရှိသောအိမ်ထောင်စု များကြောင်း တွေ့ရှိရပါသည်။ တချို့အိမ်ထောင်စုများသည် လယ်မြေရှိသော်လည်း မြေမကောင်းခြင်းကြောင့် သီးနှံဖြစ်ထွန်း နည်းပါးသဖြင့် မွေးမြူရေးလုပ်ငန်းနှင့်တွဲ၍ လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား = - အစာလျှော့စား = - အထောက်အပံ့ယူ = ၂ ချေးယူ = ၆ လုပ်အားခကြိုယူ = -
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၃	အခြားအစာပြောင်းလဲစား = - အစာလျှော့စား = - အထောက်အပံ့ယူ = ၆ ချေးယူ = ၇ လုပ်အားခကြိုယူ = -
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = - အစာလျှော့စား = - အထောက်အပံ့ယူ = - ချေးယူ = - လုပ်အားခကြိုယူ = -

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်သော်လည်း မြေဆီဩဇာမကောင်းသောကြောင့် သီးနှံအထွက်နှုန်း နည်းပါးကာ ဝမ်စာဖူလုံမှုသည် တစ်ရွာလုံးနှင့် နှိုင်းယှဉ်လျှင် အသင့်အတင့် အခက်အခဲများ ရှိကြောင်း တွေ့ရှိရပါသည်။

……

……

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို မရှိပါ။ မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိကြောင်းတွေ့ရှိရပါသည်။ **ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၂)ယောက်နှင့် ဆင်းရဲ၍မိသားစုဦးရေ များသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၃)ယောက် တွေ့ရှိရပါသည်။**

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐ √	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐ √	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၃	ရေကြီးခြင်း	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ □✓
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်□	မရှိ □✓
၇	ငလျင်	မြင့် □	လတ် □	နိမ့်□	မရှိ □✓
၈	မီးဘေး	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် □	နိမ့်□	မရှိ □✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □
၁၂	၄က်ဖျားရောဂါ	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်□	မရှိ □✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□	မရှိ □✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ □✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □	လတ် □	နိမ့်□ ✓	မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စားနပ်ရိက္ခာမဖူလုံမှုကြောင့် ထိခိုက်လွယ်သောအိမ်ထောင်စု အရေအတွက် အနည်းငယ်သာရှိကြောင်းတွေ့ရပါသည်။၄က်ဖျားရောဂါသည် တစ်ခြားဒေသမှရသော ရောဂါဖြစ်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □ လတ် □ နိမ့်□ √ မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □ လတ် □ နိမ့်□ √ မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □ လတ် □ √ နိမ့်□ မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □ လတ် □ နိမ့်□ √ မရှိ □
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ √ မရှိ □
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ □√
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □ လတ် □ နိမ့်□ မရှိ □√
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□√ မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့်□ √ မရှိ □
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □ လတ် □ နိမ့်□ √ မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့်□ မရှိ □√
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ □√
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ □√
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ □√
၁၅	ဆေးစွဲသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □√
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □√
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □ လတ် □ နိမ့်□ √ မရှိ □
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □√
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ □√

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □√

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူငယ်များပေါများသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။

……..

……..

……..

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အရံမီးသတ်	၁□ ၂□√ ၃□	၁၅		၁၅	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □√	ကောင်း □√ သင့် □ ညံ့ □
၂	ကျောင်း ကော်မတီ	၁□ ၂□√ ၃□	၅	၂	၇	ပညာရေး □√ ငွေကြေး □√ ကျန်းမာရေး □√ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □√ သင့် □ ညံ့ □
၃	ရေကော်မတီ	၁□ ၂□√ ၃□	-	-	-	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □√ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□√ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	ဝေယျာဝစ္စ အဖွဲ့	၁□ ၂□√ ၃□	၅	၆	၁၁	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □√ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □√ သင့် □ ညံ့ □
၅	မယ်ခင်၊ ပေါ်ခင်	၁□ ၂□√ ၃□	၁၀	၁၀	၂၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □√ ဘာသာရေး □√ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □√ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □√ သင့် □ ညံ့ □
၆	-	၁□ ၂□ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၇	-	၁□ ၂□ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းရှိ လူမှုအဖွဲ့အစည်းများအနေဖြင့် အရံမီးသတ်၊ ကျောင်းကော်မတီ၊ ဝေယျာဝစ္စအဖွဲ့နှင့် မယ်ခင်/ပေါ်ခင်အဖွဲ့များ ဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာမှသာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နေလျက်ရှိကြောင်း တွေ့ရှိရပါသည်။

……..

……..

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၅၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၀၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုသည် ကျေးရွာ၏ ၃ % ခန့်ရှိပါသည်။ ကျေးရွာတွင် ယာမြေကေများမှာ စိုက်ပျိုးမြေအသင့်အတင့်ကောင်းမွန်ပြီး အများစုမှာ ပြေလည်ကြ ကြောင်း တွေ့ရှိရပါသည်။

……..

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□√ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□√ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	၁၇၆	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ချောင်းရေမှ အဓိကရယူ၍ စိုက်ပျိုးနိုင်ပြီး ကျန်ယာမြေများသည် မိုးရေဖြင့်သာ အားကိုးစိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်း မျှ	မှ	ထိ		
စပါး	၂၉၁	တင်း	၄၀	၆၀	၅၀	ဝါခေါင်	နတ်တော်	မြင့်□ လတ်□ √နိမ့်□	မြင့်□ လတ်□ √ နိမ့်□
မြေပဲ	၈၉	တင်း	၆၀	၈၀	၇၀	ပြာသို	တပေါင်း	မြင့်□ လတ်□ √နိမ့်□	မြင့်□ လတ်□ √ နိမ့်□
နှမ်း	၁၈	တင်း	၂၀	၃၀	၂၅	တန် ဆောင် မုန်း	ပြာသို	မြင့်□ လတ်□ √နိမ့်□	မြင့်□ လတ်□ √ နိမ့်□
–	–	–	–	–	–	–	–	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
–	–	–	–	–	–	–	–	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
–	–	–	–	–	–	–	–	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွေစပါးနှင့်မိုးစပါးကို အဓိကစိုက်ပျိုးကြပြီး ရာသီဥတုကောင်းလျှင် တစ်ကေ ၆၀တင်း ကျော်ခန့် ထွက်ရှိပါသည်။ စပါးရိတ်သိမ်းပြီး မြေပဲကို ဆက်လက် စိုက်ပျိုးကြပါသည်။ တောင်ယာမြေများတွင် နှမ်းသီးနှံစိုက်ပျိုးခြင်းများလည်း ဆောင်ရွက်ကြပါသည်။ စိုက်ပျိုးမြေအများစုသည် မြေဆီမြေဩဇာ ကောင်းမွန်သည့်အတွက်ကြောင့် သီးနှံအထွက်နှုန်းများ ကောင်းမွန်ကြပါသည်။

……..

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁	–	–	–
လက်တွန်းထွန်စက်	၅၈	–	–	–
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြေလှေ့စက်	–	–	–	–

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၈	-	-	-
ရေစုပ်စက်	၄၂	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၂	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ စိုက်ပျိုးရေးတွင် မိရိုးဖလာနည်းကိုသာ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးတွင် နွားများဖြင့် ထွန်ယှက်စိုက်ပျိုးကြပြီး၊ စက်ပစ္စည်းသုံးစွဲမှုများလည်း ရှိကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ□√ မဖြေဆိုပါ□
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ□√ မဖြေဆိုပါ□
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ □ အသင့်အတင့်ရှိ□√ မဖြေဆိုပါ□
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် □ ရသည် □√ မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □√ မဖြေဆိုပါ □
သဘာဝဘေးဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် □√ မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် □√ မဖြေဆိုပါ□

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်□√ မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်□√ မဖြေဆိုပါ □
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □ သီးနှံများကို ရောင်းချနိုင်သည် □√ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးအတွက် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ အတွင့်အသင့်ရှိသော်လည်း နည်းပညာနှင့် ငွေကြေးအခက်အခဲများရှိပါသည်။

……...

……...

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်□√ မဖြေဆိုပါ□
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ □√ လယ်ယာမြေဆုံးရှုံးမှုများသည် □ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □ ပလပ်မြေများရှိသည် □

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
	ပလပ်မြေအသင့်အတင့်ရှိသည် □ မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ □√ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ □ မဖြေဆိုပါ □
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ □ အသင့်အတင့်ကျ □ အနည်းငယ် □√ မဖြေဆိုပါ □

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စုအများစုသည် မိရိုးဖလာလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

……

……

……

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၈	၁၂၄
နို့စားနွား	-	-
ကျွဲ	၇	၂၈
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၁၄	၅၈
ကြက်	၁၀၉	၃၂၇
ဘဲ	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	၇	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စု (၆) စု သာ ရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

